# ချစ်သမီးထံသို့ ပေးစာ

J. Nehru ၏ *Glimpses of World History*, p. 61-6 ကို

အရှင်ကေလာသ၊ B.A. (Philo), M.A. (Buddhism) မြန်မာပြန်သည်

ဘုရင်နှင့် မင်းညီ မင်းသားများကို သိက္ခာချချင်သည်ဟု ထင်ခံရမှာကို ဖေဖေ စိုးရိမ်သည်။ ဖေဖေ့အနေနှင့် သူတို့ အများစုမှာ ချီးမွမ်းစရာ လေးစားစရာ အနည်းငယ်သာ တွေ့မိသည်။ သို့ရာတွင် ဘုရင် သို့မဟုတ် အင်ပိုင်ရာ အဖြစ်ထက် ပိုပြီး လေးစား ဂုဏ်ယူဖွယ်ကောင်းသည့် ပုဂ္ဂိုလ်တစ်ယောက် အကြောင်းကို ယခု ပြောပြမည်။ ယင်းမှာ စန္ဒဂုတ္တ မောရိယမင်း၏ မြေးတော် အသောကမင်းအကြောင်း ဖြစ်သည်။ သူ့အကြောင်းကို သမိုင်းဆရာ အိတ်ချ် ဂျီဝဲလ်စ် (သူ့စာ အချို့ကို သမီး ဖတ်ဖူးမှာပါ)က 'သမိုင်းစာမျက်နှာ များများရှိပြီး ကြီးကျယ် ခမ်းနားသည့် ဘုရင်အဖြစ် လေးစားခံရသည့် ဘုရင်ရာဇ် ထောင်ပေါင်းများစွာအနက် အသောက၏ အမည်မှာ ကြယ်တစ်ပွင့်ကဲ့သို့ တောက်ပ၏။ ဗော်လဂါမှသည် ဂျပန်ထိ သူ့အမည်ကို လေးစားကြ၏။ တရုတ်၊ တိဗက်နှင့် သူ့၏ ဓမ္မ မရှိတော့သော အိန္ဒိယမှာပင် သူ့၏ ကြီးမြတ်သည့် အစဉ်အလာကို ထိန်းသိမ်းဆဲ ရှိကြ၏။ ယနေ့ခေတ်မှာ ကွန်စတန်တင် သို့မဟုတ် ချာလီမဂ္ဂနေးတို့ကို လူအများ ကြားဖူးကြသည်ထက် အသောကမင်းကို ပိုပြီး လူအများ ချီးမွမ်းကြ၏'ဟု ရေးခဲ့သည်။

ယင်းသည် အမှန်တကယ် အဆင့်မြင့်စွာ ချီးကျူးခြင်း ဖြစ်သည်။ ချီးမွမ်းသည်ထက် အိန္ဒိယလူမျိုးတစ် ယောက်အနေဖြင့် ထိုခေတ် အိန္ဒိယ၏ သမိုင်းကို စဉ်းစားကြည့်ချင်စိတ် ဖြစ်လာသည်။

စန္ဒဂုတ္တမင်းသည် ခရစ်ယန်နှစ် မတိုင်မီ နှစ်ပေါင်း ၃၀၀ လောက် အလွန်က ကွယ်လွန်သော် ၎င်း၏သား ဗိန္ဒုသာရမင်းက ဆက်ခံသည်။ ဤမင်းသည် နှစ်ဆယ့်ငါးနှစ်လောက် ငြိမ်းချမ်းစွာ နန်းစံပုံရသည်။ ဤမင်းသည် ဂရိနိုင်ငံများနှင့် ဆက်သွယ်မှု ရှိခဲ့ပြီး အီဂျစ်သံအမတ် တိုလေမီ (Ptolemy)နှင့် အနောက် အာရှမှ ဆလူးကပ်စ်ဘုရင် (Seleucus) ၏သား အန်တီယော့ခပ်စ် (Antiochus)တို့သည် ဤမင်း၏ နန်းတော်သို့ ရောက်ဖူးကြသည်။ အိန္ဒိယသည် ပြင်ပကမ္ဘာနှင့် ကုန်သွယ်မှု ရှိခဲ့ပြီး အီဂျစ်တို့သည် အိန္ဒိယမှ ထွက်သည့် မဲနယ်နှင့် အဝတ်တွေကို ဆိုးကြကြောင်း ဆိုသည်။ ထို့ပြင် အီဂျစ်တို့သည် အိန္ဒိယမှ ထွက်သည့် ခါသာပိတ်ပါးဖြင့် မံမီလူသေအလောင်းများကို ရစ်ပတ်ကြကြောင်းလည်း ဆိုသည်။ ဗီဟာပြည်နယ်တွင် တူးဖော်ရရှိသည့် ရှေးဟောင်း ပစ္စည်းများအရ မောရိယခေတ် မတိုင်ခင်ကပင် ဖန်ထည်ပစ္စည်း တစ်မျိုး ရှိနေပြီဖြစ်ကြောင်း ဖော်ပြသည်။

စန္ဒဂုတ္တမင်း၏ နန်းတော်သို့ ရောက်လာခဲ့သူ ဂရိသံတမန် မေဂါစသင်းနက်စ်က အိန္ဒိယတို့သည် အဆင်တန်ဆာနှင့် အလှအပကို မြတ်နိုးကြောင်း ရေးခဲ့ပြီး အထူးသဖြင့် အရပ်မြင့်လာရန် ဖိနပ်ကို အသုံးပြုကြောင်း မှတ်ချက် ပေးခဲ့သဖြင့် ဒေါက်မြင့် ဖိနပ်များမှာ ခေတ်သစ် တီထွင်မှု မဟုတ်ကြောင်း သမီး သိရလျှင် စိတ်ဝင်စားလိမ့်မည်။

ဘီစီ ၂၆၈ တွင် ဖခင် ဗိန္ဒုသာရမင်းကို သားတော် အသောကမင်းက ဆက်ခံသည်။ အသောကမင်းသည် မြောက်ပိုင်းဒေသ အားလုံး၊ အိန္ဒိယ အလယ်ပိုင်း အားလုံး၊ အာရှအလယ်ပိုင်းထိ နယ်ချဲ့ခဲ့သည်။ ကျန်နေသေးသည့် အိန္ဒိယ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသများကို မိမိအင်ပါယာထဲ သွတ်သွင်းလိုသဖြင့် နန်းစံ ကိုးနှစ်မြောက်တွင် ကာလိင်္ဂတိုင်းကို တိုက်ခိုက်သည်။ ကာလိင်္ဂတိုင်းကား မဟာနဒီ၊ ဂေါဓာဝရီနှင့် ကိတ္တန မြစ်များအကြား အိန္ဒိယ အရှေ့ပိုင်း၌ တည်ရှိသည်။ ကာလိင်္ဂတိုင်းသားများသည် သတ္တိပြောင်စွာ ပြန်လည် ခုခံတိုက်ခိုက်ကြသော်လည်း ကြောက်ခမန်း လူအများ သေကြေပြီးနောက် လက်ဝ အရှုံးပေးလိုက်ရသည်။ ဤစစ်ပွဲနှင့် လူအသေအပျောက် များမှုသည် အသောကမင်းအား စစ်မက်ဖြစ်ပွားမှုနှင့် စစ်၏ အနိဋ္ဌာရုံ များအပေါ် ရွံရှာစက်ဆုပ်စေသည် အထိသက်ရောက်မှုဖြစ်စေခဲ့သည်။ ထိုအချိန်မှ စပြီး အသောကမင်းသည် စစ် မတိုက်

တော့ချေ။ တောင်ပိုင်းဒေသ အနည်းငယ်က လွဲပြီး အိန္ဒိယ တစ်တိုက်လုံး အသောကမင်း၏ လက်အောက်သို့ ကျရောက်သွားသည်။ ကျန်နေသေးသည့် ဒေသ အနည်းငယ်ကို အောင်မြင်ရန်မှာ အသောက အဖို့ လွယ်ကူသွားပြီ ဖြစ်သော်လည်း အသောကသည် စစ်ကို ရှောင်ကြဉ်ခဲ့သည်။ အိတ်ချ်ဂျီ ဝဲလ်စ်သည် အောင်ပွဲခံပြီးနောက် စစ်ကို စွန့်လွှတ်ခဲ့သည့် တစ်ဦးတည်းသော စစ်ဘုရင်အဖြစ် အသောကအား ရည်ညွှန်းခဲ့သည်။

ကံကောင်းသည်မှာ အသောက စဉ်းစားခဲ့သည်များနှင့် လုပ်ခဲ့သည်များကို ဖော်ပြသည့် စကားလုံးများ ဖေဖေတို့မှာ ရှိနေခြင်း ဖြစ်သည်။ ကျောက် သို့မဟုတ် သံပြားများတွင် ရေးထိုးထားခဲ့သည့် စာအများ အပြားမှာ သူ့ပြည်သူများနှင့် နောင်လာ နောင်သားများအတွက် သူ့ပြောသည့် စကားအဖြစ် ကျန်နေသေးသည်။ အလာဟာဘတ်မြို့ ခံတပ်အတွင်းမှာ အသောကမင်း၏ ကျောက်စာ တစ်ခုကို သမီး မှတ်မိလိမ့်မည်။ ဖေဖေတို့ နေသည့် အရပ်တစ်ခွင်မှာ ထိုသို့သော ကျောက်စာတွေ အများကြီး ရှိသည်။ ထိုကျောက်စာများ၌ အသောကမင်းက ထိုစစ်ပွဲ အောင်မြင်မှုကို အကြောင်းပြု၍ လူအများအပြား သေကြေမှုကို ထိတ်လန့်ပြီး နောင်တရကြောင်း ရေးထားခဲ့သည်။ အသောကမင်းက ‘စစ်မှန်သော အောင်မြင်ခြင်းဟူသည် ကိုယ့်ကိုယ်ကို အောင်နိုင်ခြင်းနှင့် လူတို့၏ နှလုံးသားကို ဓမ္မဖြင့် အောင်မြင်ခြင်း ဖြစ်၏’ဟု ဆိုခဲ့သည်။ ထိုကျောက်စာတွေထဲက အချို့ကို ဖေဖေ ထုတ်ပြပါမည်။ ကျောက်စာများမှာ နှစ်သက်ဖွယ် ဖတ်ရှုဖွယ် ကောင်းပြီး ထိုကျောက်စာများက တစ်ဆင့် အသောက၏ နှလုံးသားကို သမီးဆီ ယူဆောင်လာလိမ့်မည်။

> ‘ဒေဝါနံပိယဒဿီ မင်းကြီးသည် ရှစ်နှစ်ကြာ စစ်ပွဲ ဆင်နွှဲပြီးနောက် ကာလိင်္ဂတိုင်းကို အောင်နိုင်ခဲ့ ၏။ ထိုစစ်ပွဲ၌ လူပေါင်း တစ်သိန်းနှင့် ငါးသောင်းကို သုံ့ပန်းအဖြစ် ဖမ်းမိ၏။ လူပေါင်း တစ်သိန်း ရက်စက်စွာ သတ်ဖြတ် ခံရ၏။ ထို အရေအတွက်ထက် များသော လူအပေါင်းတို့ သေကြေကြ၏။
>
> ‘ကာလိင်္ဂတိုင်းကို သိမ်းပိုက်၍ မကြာမီ ဓမ္မကို ထက်သန်စွာ ကာကွယ်ခြင်း၊ ဓမ္မကို ချစ်မြတ်နိုးခြင်း၊ ဓမ္မကို လေ့ကျင့်အားထုတ်ခြင်းကို စတင်ခဲ့၏။ သို့ဖြင့် ကာလိင်္ဂတိုင်းအား အောင်မြင်ခြင်းအတွက် မင်းကြီး၏ နောင်တသည် မြင့်တက်ခဲ့၏။ အကြောင်းမူ မအောင်သေးသည့် နိုင်ငံတစ်ခုကို အောင်မြင်ခြင်းသည် လူအများအား သတ်ဖြတ်ခြင်း၊ လူအများ သေဆုံးခြင်းနှင့် လူအပေါင်းအား ဖမ်းဆီး ချုပ်နှောင်ရခြင်းတို့ကြောင့် ဖြစ်၏။ ယင်းသည် မင်းကြီးအဖို့ နက်ရှိုင်းသော သောကနှင့် နောင်တကို ဖြစ်စေခြင်း၏ အကြောင်းတရား ဖြစ်၏’။

ယင်းကျောက်စာတွင် အသောကသည် ကာလိင်္ဂတိုင်း၌ လူအပေါင်းအား သတ်ဖြတ်ခြင်း၊ အကျဉ်းချခြင်း သို့မဟုတ် သေဆုံးပြီးဖြစ်သော အရေအတွက်၏ အပုံအရာ အထောင်ပုံ တစ်ပုံကိုပင် သတ်ဖြတ်ပြီး ထောင်ချခြင်းကို သည်းခံတော့မည် မဟုတ်ဟု ရေးထားခဲ့သည်။

> ‘ထို့ပြင် မှားယွင်းစွာ ပြုမိသူကိုပင် သည်းခံရန် ဖြစ်နိုင်သရွေ့ မင်းကြီးသည် သည်းခံ၏။ မင်းကြီး၏ အာဏာသက်ရောက်သည့် နေရာများ၌ တောရိုင်း တိရစ္ဆာန်များအပေါ်၌ပင် မင်းကြီးသည် ကြင်နာစွာ ကြည့်ရှုတော်မူပြီး မင်းကြီးသည် ၎င်းတို့ အပေါ်၌ မှန်ကန်စွာ စဉ်းစားတော်မူ၏။ အကြောင်းမူ ထိုသို့ မပြုလျှင် နောင်တသည် မင်းကြီးထံ ရောက်လာမည် ဖြစ်သောကြောင့်တည်း။ အကြောင်းမူ မင်းကြီးသည် သတ္တဝါအားလုံး လုံခြုံမှု၊ မိမိကိုယ်ကို ထိန်းချုပ်မှု၊ စိတ်ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုကို အလိုရှိသောကြောင့်တည်း’။

အသောကသည် စစ်မှန်သော အောင်မြင်မှုဟူသည်မှာ ကရုဏာတရားဖြင့် လူသားတို့၏ နှလုံးသားကို အောင်နိုင်မှုဖြစ်ကြောင်း ဆက်လက်၍ ရှင်းပြ၏။ မင်းကြီးသည် ထိုကဲ့သို့သော အောင်မြင်မှုကို မိမိ၏ နိုင်ငံတွင်း၌ သာမက ဝေးကွာသည့် နိုင်ငံများ၌ပင် ထိုသို့ အောင်နိုင်ပြီးသူ ဖြစ်ကြောင်းလည်း ဆို၏။

ထိုကျောက်စာများ၌ အသောကမင်းကြီး ထပ်ခါထပ်ခါ ကိုးကားဖော်ပြခဲ့သည့် ဓမ္မဟူသည် ဗုဒ္ဓ၏ ဓမ္မဖြစ်၏။ အသောကသည် ဗုဒ္ဓဝါဒကို အလွန်ကြည်ညိုသူ ဖြစ်သွားလျက် ဓမ္မပြန့်ပွားရေးအတွက် အစွမ်းကုန် ကြိုးပမ်းခဲ့၏။ သို့ရာတွင် ယင်းသို့ ဆောင်ရွက်ရာ၌ အတင်းအကြပ် ဆောင်ရွက်ခြင်း မရှိ။ ဗုဒ္ဓဝါဒီအဖြစ် ဆောင်ရွက်သည်မှာ လူတို့၏ နှလုံးသားကို

အောင်နိုင်ခြင်း ဖြင့်သာလျှင် ဖြစ်၏။ ဘာသာရေး ပုဂ္ဂိုလ်များသည် အသောက မင်းကဲ့သို့ သည်းခံနိုင်သူ အလွန် ရှားပါး၏။ မိမိတို့၏ ယုံကြည်မှုသို့ ပြောင်း လဲလာစေရန် လူအများသည် မကြာခဏ အတင်း အကြပ် ပြုခြင်း အကြမ်းဖက်ခြင်း ကလိန်ကျခြင်းများ ပြုလုပ်လေ့ရှိ၏။ သမိုင်း တစ်ခုလုံးသည် ဘာသာရေး နှိပ်ကွပ်မှုနှင့် ဘာသာရေး စစ်ပွဲများဖြင့် ပြည့်နေပြီး ဘာသာရေးဟူသော အမည်၊ ဘုရားသခင်ဟူသော အမည်ဖြင့် အခြားမည်သည့် အမည်ထက်မဆို ပိုပြီး သွေးမြေ ကျခဲ့ဖွယ်ရှိ၏။ သို့ဖြစ်၍ ဘာသာတရား အလွန် ကိုင်းရှိုင်းပြီး အင်အား ကြီးမားသည့် ဘုရင် ဧကရာဇ်တို့၏ အကြီးအကဲ ဖြစ်သည့် အိန္ဒိယ၏ သား ကောင်း တစ်ယောက်သည် လူအပေါင်းအား မိမိ၏ ယုံကြည်မှုသို့ ကူးပြောင်းလာစေရန် ဆောင်ရွက်ခဲ့ပုံ ကို အမှတ်ရသင့်၏။ ဘာသာရေး ယုံကြည်မှုသည် လှံဖျား သို့မဟုတ် လှံစွပ်ဖြင့် လူတစ်ယောက်၏ လည်ပင်းကို ထိုးပစ်နိုင်သည်ဟု ယူဆသွားလောက် အောင် လူတစ်ယောက်အား မိုက်မဲသွားစေသည်မှာ ထူးဆန်း၏။

သို့ဖြစ်၍ (၎င်း၏ ကျောက်စာတို့၌ ၎င်းအား ခေါ် တွင်သည့်အတိုင်း) ဒေဝါနံပိယ နတ်တို့ ချစ်မြတ်နိုးသူ အသောကသည် ၎င်း၏ သာသနာပြုများနှင့် သံတမန် များကို အာရှ အနောင်ပိုင်း၊ ဥရောပနှင့် အာဖရိကရှိ နိုင်ငံများသို့ စေလွှတ်၏။ မင်းကြီးသည် မိမိ၏ ညီ အရင်း မဟိန္ဒနှင့် ညီမ သံဃမိတ္တာတို့ကို သီဟိုဠ်သို့ စေလွှတ်ခဲ့၏။ ၎င်းတို့ နှစ်ယောက်သည် ဂယာမှ ဗော ဓိညောင်ကိုင်းကို သီဟိုဠ်သို့ ဆောင်ယူသွားကြောင်း ဆို၏။ အနုရာဓပုရမြို့မှာ ထိုဗောဓိညောင်ပင်ကို သမီး တွေ့ခဲ့ရသည်ကို မှတ်မိသေးလား။ ယင်းဗောဓိ ညောင်ပင်မှာ အဆိုပါ ရှေးဟောင်း ဗောဓိညောင်ကိုင်း မှ ပေါက်ရောက်ခဲ့သော ညောင်ပင် ဖြစ်သည် ဆို၏။

ဗုဒ္ဓဝါဒသည် အိန္ဒိယ၌ လျင်မြန်စွာ ပြန့်နှံ့သွား ခဲ့၏။ အသောကအဖို့ ဓမ္မသည် ဆုတောင်းမှုကို ထပ် ခါထပ်ခါ ရွတ်ဆိုနေရုံ၊ ပန်းနံ့သာများဖြင့် ပူဇော်မှု ပြု ရုံမျှ မဟုတ်ဘဲ ကောင်းသော အပြုအမူများကို ပြုရန်၊ လူမှုရေး အဆင့်အတန်းကို မြင့်တင်ရန်ပါ ဖြစ်သော ကြောင့် တစ်နိုင်ငံလုံးတွင် ပြည်သူ့ ဥယျာဉ်များ ဆေး ရုံများနှင့် ရေးတွင်း ရေကန်များ လမ်းများ တည် ဆောက် ဖောက်လုပ်၏။ အမျိုးသမီး ပညာသင်ကြား ခြင်းအတွက် အထူး အထောက်အပံ့ ပြု၏။ အိန္ဒိယ မြောက်ဖျား ပက်ရှဝါအနီးရှိ တက္ကသိုလ်မြို့ အိန္ဒိယ အလယ်ပိုင်းမှာ မထုရာမြို့နှင့် ဥဇ္ဇေနီမြို့ ဗီဟာပြည် နယ် ပတ္တနားမြို့ အနီးရှိ နာလန္ဒာတက္ကသိုလ်ဟု တက္ကသိုလ် မြို့ကြီး လေးမြို့ ရှိ၏။ အိန္ဒိယမှ သာမက အလွန်ဝေးကွာသည့် တရုတ်မှသည် အာရှအနောက် ပိုင်းထိ ဒေသများမှ ကျောင်းသားများ လာရောက် ပညာသင်ကြပြီး ၎င်းတို့သည် မိမိတို့ နှင့်အတူ ဗုဒ္ဓ၏ ဓမ္မများကို ထိုဒေသအသီးသီးသို့ ယူဆောင်သွားကြ ၏။ တစ်နိုင်ငံလုံးတွင် ဘုန်းကြီး ကျောင်းတိုက်များ ပေါ်ထွက်လာ၏။ ပါဋလိပုတ္တ သို့မဟုတ် ပတ္တနား ပတ်ဝန်းကျင်တွင် ထိုဒေသအား ဝိဟာရ သို့မဟုတ် ဗီဟာဟု ခေါ်တွင် ရသည်ထိ ကျောင်းတိုက်များ ပေါ များခဲ့သည်မှာ ထင်ရှား၏။ သို့ရာတွင် ဖြစ်မြဲအတိုင်း ထိုကျောင်းတိုက်များသည် မကြာမီ ဓမ္မကျင့်ကြံမှုနှင့် သင်ကြားမှုအတွက် စိတ်အားထက်သန်မှု ပျောက် ဆုံးသွားပြီး အချို့သော အပျက်အစီးများသာ ကျန် ပြီး လူအများ ပူဇော်သည့် နေရာများ အဖြစ်သို့ ရောက်သွားခဲ့ရ၏။

အသောကမင်း၏ သူတစ်ပါး အသက်ကို ကာ ကွယ် စောင့်ရှောက်ခြင်းမှာ တိရစ္ဆာန်များသို့ထိ သက် ရောက်ခဲ့၏။ တိရစ္ဆာန်များအတွက် ဆေးရုံများကိုပါ တည်ဆောက်ခဲ့ပြီး တိရစ္ဆာန်ဖြင့် ယစ်ပူဇော်မှုကို တားမြစ်၏။ ထိုနှစ်ချက်တွင် အသောကသည် ဖေဖေ တို့ထက် ခေတ်မီခဲ့၏။ စိတ်မချမ်းသာဖွယ် ကောင်း သည်မှာ တိရစ္ဆာန် ယဇ်ပူဇော်မှုမှာ တစ်စုံ တစ်ခု သော အတိုင်းအတာထိ ယနေ့ခေတ်၌ ရှိနေဆဲ ဖြစ် ပြီး ဘာသာရေးအတွက် လိုအပ်သော အစိတ်အပိုင်း တစ်ခုအနေဖြင့် ရှိနေဆဲဖြစ်လျက် တိရစ္ဆာန်များအား တရားဝင် အပြုအမူ တစ်ခုကဲ့သို့ ယူဆဲ ဖြစ်ပုံရ၏။

အသောက၏ စံနမူနှင့် ဗုဒ္ဓဝါဒ ပြန့်ပွားခြင်းသည် သက်သတ်လွတ် စားခြင်းကို လူသိများလာစေ၏။ ထိုအချိန်ထိ အိန္ဒိယရှိ ခတ္တိယများနှင့် ဗြဟ္မဏများ

သည် အသားကို အလွန် စားသောက်ကြလျက် ဝိုင်နှင့် အရက်များကို သောက်သုံးခဲ့ကြ၏။ အသောက ခေတ် နောက်ပိုင်းတွင် အသား စားခြင်းနှင့် ဝိုင်အရက် သောက်သုံးခြင်း နှစ်မျိုးလုံးမှာ များစွာ နည်းပါးသွားခဲ့၏။

သို့ဖြင့် အသောကသည် ပြည်သူများ ကောင်းမွန်ရန် ငြိမ်းချမ်းစွာ အစွမ်းကုန် ကြိုးစားလျက် နှစ်ဆယ့် ရှစ်နှစ်ကြာ အုပ်ချုပ်ခဲ့၏။ မင်းကြီးသည် ပြည်သူ့ အရေးကိစ္စအတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေ၏ 'အချိန်တိုင်း နေရာတိုင်း .. ငါ ညနေစာ စားနေစဉ် ဖြစ်စေ၊ အမျိုးသမီးများဆောင်သို့ ရောက်နေစဉ် ဖြစ်စေ၊ အိပ်ခန်းထဲသို့ ရောက်နေစဉ် ဖြစ်စေ၊ အဝတ်လဲခန်းသို့ ရောက်နေစဉ် ဖြစ်စေ၊ ရထားပေါ် ရောက်နေစဉ် ဖြစ်စေ၊ နန်းတော် ဥယျာဉ်ထဲသို့ ရောက်နေစဉ် ဖြစ်စေ၊ သတင်းပို့ အရာရှိများသည် ပြည်သူ့ အရေးကိစ္စနှင့် ပတ်သက်၍ ငါ့အား အဆက်မပြတ် သတင်းပို့ရမည်'။ အခက်အခဲ ဖြစ်ပေါ်လာလျှင် သတင်းပို့သမားသည် မင်းကြီးအား 'မည်သည့် အချိန်နာရီ မည်သည့် နေရာမှာမဆို' အလျင်အမြန် အကြောင်းကြားရမည်။ အကြောင်းမူ မင်းကြီး ပြောထားသည့်အတိုင်း မင်းကြီးသည် ပြည်သူအများ၏ ကောင်း ကျိုးအတွက် ဆောင်ရွက်ရမည် ဖြစ်သောကြောင့်တည်း။

အသောကမင်းကြီးသည် ဘီစီ ၂၃၆–တွင် နတ်ရွာစံ၏။ နတ်ရွာ မစံမီ နှစ်အနည်းငယ်တွင် မင်းကြီးသည် ဗုဒ္ဓဝါဒီ ရဟန်းအဖြစ် ခံယူသွား၏။

မောရိယခေတ် အကြွင်းအကျန် အနည်းမျှသာ ရှိ၏။ ဖေဖေတို့မှာ အိန္ဒိယရှိ အစောဆုံး အာရိယန် ယဉ်ကျေးမှုကို အသေအချာ တူးဖော် တွေ့ရှိထားသော်လည်း ယခု လောလောဆယ်တွင် မိုဟင်ဂျိုဒါရိုအကြွင်း အကျန်များကို စဉ်းစားနေခြင်း မဟုတ်ပေ။ ဗာဏာသီမြို့ အနီးရှိ ဆရနတ် (မိဂဒါဝုန်)၌ ထိပ်တွင် ခြသေ့်ခေါင်းနှင့် လှပသည့် အသောက ကျောက်စာတိုင်ကို တွေ့နိုင်သေး၏။

အသောက၏ မြို့တော် ဖြစ်ခဲ့သည့် ပါဋလိပုတ္တမြို့တွင် မည်သည့် အရာမှ မကျန်တော့ချေ။ အသောက နောက် နှစ်ပေါင်း ၆၀၀ အကြာ၊ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော် အချိန်က တရုတ်ခရီးသွား ရဟန်းတော် ဖာဟီယန်သည် ပါဋလိပုတ္တ မြို့တော်သို့ အလည်အပတ် ရောက်ခဲ့၏။ ထိုအချိန်က မြို့တော်သည် စည်ပင်နေခဲ့ပြီး ချမ်းသာ ကြွယ်ဝ၏။ ထိုအချိန်မှာပင် အသောကမင်း နန်းတော်၏ ကျောက်တိုင် အကြွင်းအကျန်များကို တွေ့နိုင်သေး၏။ ထိုကျောက်တိုင်များသည်ပင် ဖာဟီယန်အား ဆွဲဆောင်ခဲ့၏။ ဖာဟီယန်သည် ၎င်း၏ ခရီးသွား မှတ်တမ်း၌ ထိုကျောက်တိုင်များမှာ လူသားတို့ လုပ်ထားသည်နှင့် မတူချေဟု ရေးခဲ့၏။

ရောမ ကျောက်တိုင် နန်းတော်ကြီးမှာ သဲလွန်စ တစ်စုံတစ်ရာ မကျန်ဘဲ ပျက်စီးသွားပြီ ဖြစ်၏။ သို့ရာတွင် အာရှတိုက် တစ်တိုက်လုံးမှာ အသောကအား အမှတ်ရဆဲ ဖြစ်လျက် ၎င်း၏ ကျောက်စာများမှာ ဖေဖေတို့ နားလည်သော ဘာသာစကားကို ပြောကြားနေပြီး ထိုကျောက်စာများကို နှစ်သက်နေကြဦးမည် ဖြစ်၏။ ဖေဖေတို့သည် ထိုကျောက်စာများမှ အသိဉာဏ် များစွာကို ရနေဦးမည် ဖြစ်၏။ ဖေဖေ့စာ အတော်ရှည်သွား ပြီဖြစ်၍ သမီး အတော်ငြီးငွေ့တော့မည်။ အသောက၏ ကျောက်စာထဲမှ စာပိုဒ်ကလေးနှင့် ဖေဖေ့စာကို အဆုံးသတ်ပါမည် ..

> 'အားလုံးသော ဘာသာရေး ဂိုဏ်းများသည် အကြောင်းတစ်ခုခုဖြင့် လေးစားထိုက်သည်သာ ဖြစ်၏။ ယင်းသို့ ပြုမူခြင်းဖြင့် လူတစ်ယောက်သည် မိမိ၏ ဘာသာရေး ဂိုဏ်းကို တည်တံ့စေနိုင်ပြီး တစ်ချိန်တည်းတွင် အခြား ပုဂ္ဂိုလ်များ၏ ဘာသာရေး ဂိုဏ်းဂဏကိုလည်း စောင့်ရှောက်ရာ ရောက်၏'။

-------------------------------------

အရှင်ကေလာသ
ဇွန် ၂၈၊ ၂၀၁၅။